# နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် သံအမတ်ကြီးများနှင့်မိသားစုဝင်များအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ

(၂၂-၄-၂၀၂၂)

၁။ သံအမတ်ကြီးများနှင့်မိသားစုဝင်များတွင် အောက်ပါစာရွက်စာတမ်း/ အထောက်အထား များ ရှိရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ဆိုက်ရောက်သည့်နေ့ရက် မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့်ထိုးနှံပြီးကြောင်း သက်သေခံ လက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech။

- Myancopharm by Ministry of Industry, Myanmar

[အသက် (၆) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြု သည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၇၂) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထား သည့် ဓာတ်ခွဲအဖြေ

[အသက် (၆) နှစ်အောက် ကလေးများကို ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေး သည့် နေ့ရက်ကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ် သာသာဖြင့် ရှင်းလင်း တိကျစွာ ဖော်ပြရမည်။]

(ဂ) သံအမတ်ကြီးများနှင့် မိသားစုဝင်များသည် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) မိခင်နိုင်ငံ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအာမခံ ဝယ်ယူ ထားကြောင်း အထောက်အထား။

(အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website http://www.mminsurance.gov.mmတွင် လေ့လာနိုင်ပါသည်)

၂။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထားအသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာနိုင်ငံသို့လာရောက်မည့် လေယာဉ်ပေါ်သို့ တက်ရောက်ရန် စာရင်းသွင်းစဉ် လေကြောင်းလိုင်းဝန်ထမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိကျန်းမာရေးအရာရှိများကို လည်း ကောင်း ပြသရမည်။

၃။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေး အရာရှိများထံသို့ တင်ပြရမည်။

၄။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ကျန်းမာရေးအရာရှိများကဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်း နှင့် လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် လေဆိပ်မှ မိမိတို့ နေအိမ်သို့ သံရုံးမှကား ဖြင့် တိုက်ရိုက်သွားရောက်နိုင်ပါသည်။

၆။ နေအိမ်သို့ ရောက်ရှိပြီးနောက် RT-PCR နည်းဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်းအား ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုဓာတ်ခွဲခန်းနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ဓာတ်ခွဲ အဖြေအား တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ မပျက်မကွက် သတင်း ပေးပို့ရမည်။

၇။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၈။ သံအမတ်ကြီးများနှင့်မိသားစုဝင်များတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိခြင်း၊ သို့မဟုတ် RT-PCR နည်းပညာဖြင့် စစ်ဆေးစဉ် ကိုဗစ်-၁၉ ရောဂါရှိကြောင်းတွေ့ရှိလျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ နေအိမ်တွင် ချက်ချင်း သီးခြားထားရှိကုသခြင်း (သို့မဟုတ်) ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင် ကုသခြင်း ခံယူရမည်။

၉။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်း မပြုမီ ၎င်းတို့ သွားရောက်မည့် (သို့မဟုတ်) ခရီးတစ်ထောက်ရပ်နားမည့် နိုင်ငံများ၏ လိုအပ် ချက်နှင့်အညီ

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲစစ်ဆေးမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အသိ အမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၀။ သံအမတ်ကြီးများနှင့် မိသားစုဝင်များအနေဖြင့် မိမိတို့၏ဗီဇာ လိုအပ်ချက်/ကင်းလွတ်ခွင့်များနှင့် အခြားဗီဇာဆိုင်ရာကိစ္စရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန website တွင် ကြည့်ရှုနိုင် သည်။

၁၁။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။